မှားယွင်းသော ခေါင်းဆောင်များ (False Leaders)

ပညာရှိမှု၊ သတိပေးချက်များနှင့် လမ်းညွှန်ချက်များ

(WISDOM, WARNINGS AND GUIDELINES)

* မှားယွင်းသော ခေါင်းဆောင်များဆိုသည်မှာ မည်သူများနည်း။ (Who are false leaders?)

* သူတို့ကို မည်သည့်အရာက လှုံ့ဆော်သနည်း။ (What motivates them?)

* သူတို့သည် မည်သို့ ချဉ်းကပ်ဝင်ရောက်လာသနည်း။ (How do they gain entry?)

* သူတို့သည် မည်သို့ ပြုမူဆောင်ရွက်ကြသနည်း။ (How do they act?)

* သူတို့သည် လူတို့အပေါ် မည်သို့ သက်ရောက်မှုရှိသနည်း။ (How do they impact people?)

* သူတို့သည် မည်သည့်အရာကို သွန်သင်ကြသနည်း။ (What do they teach?)

* သူတို့ မည်သို့ဖြစ်လာမည်နည်း။ (What will happen to them?)

* ကျွန်တော်တို့သည် မည်သို့ တုံ့ပြန်သင့်သနည်း။ (How should we respond?)

* ထည့်သွင်းစဉ်းစားရမည့် ကျမ်းစာအကိုးအကားများမှာ မည်သည့်အရာများ ဖြစ်သနည်း။ (What are some Biblical reference points to consider?)

နိဒါန်း (INTRODUCTION)

လှည့်ဖြားခြင်းသည် ခမ်းနားစွာ ပုံဖော်ထားပြီး ကျမ်းစာစကားလုံးများနှင့် မွမ်းမံကာ ဆွဲဆောင်မှုရှိသော စေတမန်များအားဖြင့် ဆင့်ပွားတတ်သည်။ ၎င်းသည် ကူးစက်တတ်သော ကပ်ရောဂါကဲ့သို့ ပျံ့နှံ့သွားတတ်သည်။

ယေရှုနှင့် တမန်တော်များက သခင်ပြန်ကြွလာချိန် နီးလာသည်နှင့်အမျှ လှည့်ဖြားသူများနှင့် ၎င်းတို့၏ လှည့်ဖြားမှုများသည် တိုးပွားလာလိမ့်မည်ဟု သွန်သင်ခဲ့ကြသည်။ မည်သူ့ကိုမဆို မှားယွင်းသော ခေါင်းဆောင်များနှင့် ဆရာများက လမ်းလွဲစေနိုင်ပါသည်။ ယေရှုနှင့် တမန်တော်များက ကောင်းကင်နိုင်ငံတော် ခေါင်းဆောင်များသည် မည်သို့ ဖြစ်သင့်သည်နှင့် မဖြစ်သင့်သည်ကို သွန်သင်ပြသခဲ့ကြသည်။ ယေရှုက ယုံကြည်သူအားလုံးအား တာဝန်ခံစေမည် ဖြစ်သည်။ မှားယွင်းသော ခေါင်းဆောင်များကို ဖြောင့်မတ်စွာ တရားစီရင်လိမ့်မည်။

ကျွန်ုပ်တို့သည်❋ ဘုရင်တို့၏ ဘုရင်၏ သစ္စာရှိသော နောက်လိုက်များ ဖြစ်လိုကြပြီး ဘုရားတရားကြည်ညိုသော စိတ်နှလုံးနှင့် စရိုက်လက္ခဏာဖြင့် ကိုယ်စားပြုလိုကြပါသည်။ ခရစ်တော်၏ သတို့သမီးတည်းဟူသော ကိုယ်တော်၏ အသင်းတော် ကျန်းမာရေးနှင့် ကြီးထွားမှုအတွက် သူတပါးလည်း အလားတူ လုပ်ဆောင်စေလိုပါသည်။

ယေရှုခရစ်တော်၏ ဧဝံဂေလိတရား သန့်ရှင်းစင်ကြယ်မှုနှင့် ကျယ်ပြန့်မှုအတွက် ကျွန်ုပ်တို့တွင် ဝန်ထုပ်ဝန်ပိုးများ ရှိပါသည်။ လှည့်ဖြားမှုများနှင့် မှားယွင်းသော ခေါင်းဆောင်များစွာတို့သည် ယေရှုနှင့် ကိုယ်တော်၏ နိုင်ငံတော် လုပ်ငန်းအပေါ် ကျွန်ုပ်တို့၏ အာရုံစိုက်မှုကို ထိခိုက်စေသည့်အတွက် ကျွန်ုပ်တို့ အလွန်စိုးရိမ်ပါသည်။ ကျွန်တော်တို့သည် ဤပျက်စီးစေတတ်သော လက်တွေ့ ဖြစ်ရပ်များကို အလေးအနက်ထားရပါမည်။

ကျွန်တော်တို့၏ ပန်းတိုင်များ (OUR GOALS)

၁။ ယုံကြည်သူများအနေဖြင့် မှားယွင်းသော ခေါင်းဆောင်များကို ခွဲခြားသိမြင်ပြီး ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဤစာတမ်းကို ရိုးရှင်းသော ကိရိယာတစ်ခုအဖြစ် ပံ့ပိုးပေးရန်။

၂။ နိုင်ငံတကာမှ ပါဝင်အတည်ပြုချက်ရှိသည့် ဓမ္မသစ်ကျမ်းတွင်ပါရှိသော မှားယွင်းသော ခေါင်းဆောင်များအကြောင်း သွန်သင်ချက်ကို မျှဝေရန်။

၃။ ဤအကြောင်းအရာကို နှိမ့်ချပြီး မူရှိကာ၊ မိမိကိုယ်ကို ဆင်ခြေသုံးသပ်၍ ပိုင်းခြားသိမြင်နိုင်သော ချဉ်းကပ်မှု ပေးရန်။

၄။ ခရစ်တော်ကို ဗဟိုပြု၍ သစ္စာရှိသော ခေါင်းဆောင်မှသို့ ခေါင်းဆောင်တို့ကို ခေါ်ဆောင်ရန်။ (ခရစ်တော်နှင့်တူသော ခေါင်းဆောင်မှု၏ ရိုးရှင်းသော်လည်း နက်ရှိုင်းသည့် ခြုံငုံသုံးသပ်ချက်အတွက် "**ခေါင်းဆောင်များ၏ ပဋိညာဉ်**"ကို ရှုပါ။)

ဆုတောင်းခြင်း။ (PRAYER)

အရှင်သခင်၊ ကိုယ်တော်သည် ကျွန်ုပ်၏ အတွင်းနှလုံးသား၌ သစ္စာတရားကို အလိုရှိပါသည်။ ကျွန်ုပ်၏ အသွေးအသားထဲတွင် ကိုယ်တော်ကို မရိုသေသော အလေ့အကျင့်နှင့် မျက်စိကန်းစေတတ်သော စိတ်နေသဘောထားများ ရှိကြောင်း ဝန်ခံပါသည်။ ကျွန်ုပ်၏ ကိုယ်ပိုင်အသက်တာနှင့် ကျွန်ုပ်၏ သြဇာခံလူများအကြား၌ ယေရှုအပေါ် ဖြူစင်သော အာရုံစိုက်မှုကို တောင့်တပါသည်။ ကျွန်ုပ်၏ အသက်တာနှင့် အမှုတော်လုပ်ငန်းတွင် ဤအကြောင်းအရာကို သိမြင်နိုင်သည့် ကျေးဇူးတော်နှင့် ဖော်ပြတတ်သည့် ဉာဏ်ပညာကို ပေးသနားတော်မူပါ။ ကျွန်ုပ်၏ ဘေးပတ်ဝန်းကျင်ရှိ လှည့်ဖြားမှုကို သိမြင်နိုင်ရန် မျက်စိ ဖွင့်ပေးတော်မူပါ။ လှည့်စားသူများသည် သူတပါးအပေါ် လွမ်းမိုးရန် ကျွန်ုပ်ကို မည်သို့မည်ပုံ အသုံးပြုခဲ့သည်ကို မြင်တွေ့ခွင့်ပြုပါ။ အရှင်သခင်၊ ကိုယ်တော်ကို ဂုဏ်ပြုချီးမြှောက်လိုပါ၏။ ယေရှုနာမတော်မြတ်၌ တောင်းလျှောက်ပါသည်။

မှားယွင်းသော ခေါင်းဆောင်များဆိုသည်မှာ မည်သူများနည်း။ (WHO ARE FALSE LEADERS?)

မှားယွင်းသော ခေါင်းဆောင်ဆိုသည်မှာ လူတို့ကို သခင်ယေရှုခရစ်တော်ထံတော်မှ လမ်းလွဲသွားအောင် ဦးဆောင်သူများ ဖြစ်သည်။ သူတို့သည် သမ္မာကျမ်းစာကို လျှော့တွက်ခြင်း သို့မဟုတ် အလွဲသုံးစားလုပ်ပြီး သန့်ရှင်းသူတို့ကို ဘုရားသခင်တရားတော်နှင့်အညီ နေထိုင်ခြင်းမှ လမ်းလွဲသွားစေနိုင်ပါသည်။ (၁ တိ ၆း၃-၅၊ ၁ ယော ၄း၁-၆၊ ယုဒ ၄)

သူတပါးကို လမ်းလွဲစေသော ခေါင်းဆောင် (၄) မျိုး တွေ့ရှိရသည်။ -

1. ပညာမပြည့်စုံသူများ - ထပ်မံနားလည်သဘောပေါက်ရန် လိုအပ်သောအဆင့်တွင် ရှိနေသူများ။ (တမန် ၁၈း၂၄-၂၈)

2. အပြစ်ဒုစရိုက်ထဲ၌ ကျင်လည်သူများ - လောကီကျင့်စဉ်များ၊ အတွေးအခေါ်များနှင့် လမ်းစဉ်များကို လက်ခံကျင့်သုံးသူများ။ (မဿဲ ၆း၁-၁၈၊ ၁ ကော ၃း၁-၄၊ ဂလာ ၂း၁၁-၁၄၊ ၂ တိ ၄း၁၀)

3. လှည့်ဖြားခံထားရသူများ - ၎င်းတို့သည် စစ်မှန်သော ယုံကြည်သူ ဖြစ်နိုင်သလို မစစ်မှန်သော ယုံကြည်သူလည်း ဖြစ်နိုင်သည်။ (၁ ကော ၃း၁၃-၁၅၊ ၁ တိ ၆း၃-၅)

4. စာတန်၏ လှုံ့ဆော်မှုကို ခံရသူများ - ၎င်းတို့၏အဘဖြစ်သော စာတန်မာရ်နတ်၏ မောင်းနှင်မှုနောက်သို့ လိုက်နေသူများ။ (ယော ၈း၄၄၊ ၂ ကော ၁၁း၁၃-၁၅)

ဓမ္မသစ်ကျမ်း(New Testament)တွင် မှားယွင်းသော ခေါင်းဆောင်များကို အောက်ပါအတိုင်း ခေါ်ဆိုထားသည်။

• မိစ္ဆာပရောဖက် (မဿဲ ၇း၁၅-၂၃)

• မာရ်နတ်၏ သားများ (ယော ၈း၄၄)

• လူမိုက်လူကန်းများ (မဿဲ ၂၃း၁၆-၂၆)

• မြွေဆိုးအမျိုးများ (မဿဲ ၂၃း၃၃)

• လျှို့ဝှက်သော သူများ (မဿဲ ၂၃း၁-၃၆၊ လုကာ ၁၂း၁-၃)

• မိစ္ဆာဆရာများ (၂ ပေ ၂း၁)

• မိစ္ဆာတမန်တော်များ (၂ ကော ၁၁း၁၂-၁၅)

• လှည့်ဖြားတတ်သော အမှုစောင့်များ (၂ ကော ၁၁း၁၂-၁၅)

• အန္တိခရစ်များ (၁ ယော ၂း၁၈-၂၂)

• လှည့်ဖြားသူများ (၂ ယော ၇-၈)

• အခြားဖော်ပြချက်များစွာ (၂ ပေ ၂း၁၇၊ ယုဒ ၁၂-၁၃)

သတိပြုရန်(caution)။ လူအချို့တို့သည် ကျွန်ုပ်တို့ မနှစ်မြို့သော အပြုအမူ သို့မဟုတ် ခံယူချက်များ ရှိနိုင်သော်လည်း သူတို့သည် မှားယွင်းသော ခေါင်းဆောင်များဟု မဆိုလိုပါ။ ခွဲခြားသိမြင်ရန် အောက်ပါ အကြောင်းအရာများကို အသုံးပြုပါ။ (လုကာ ၉း၄၉-၅၀၊ ရောမ ၁၄း၁-၂)

ဆင်ခြင်သုံးသပ်ရန် သို့မဟုတ် ဆွေးနွေးရန် အချိန် ခဏယူပါ။

၁။ မှားယွင်းသော ခေါင်းဆောင်များနှင့် မှားယွင်းသော သွန်သင်ချက်များကို လေ့လာရာတွင် ကျွန်ုပ်၏ အတွေ့အကြုံကား အဘယ်နည်း။

၂။ မှားယွင်းသော ခေါင်းဆောင်များကြောင့် ပျက်စီးဆုံးရှုံးမှုကို ကျွန်တော် မည်သည့် နေရာများတွင် မြင်ဖူးပါသနည်း။

၃။ ဒီခေါင်းစဉ်က ကျွန်ုပ်အတွက် အဘယ်ကြောင့် အရေးကြီးသနည်း။

သူတို့ကို မည်သည့်အရာက လှုံ့ဆော်သနည်း။ (WHAT MOTIVATES THEM?)

မှားယွင်းသော ခေါင်းဆောင်များတွင် မကောင်းသော လှုံ့ဆော်မှုအမျိုးမျိုးရှိကြသည်။ ၎င်းတို့သည် -

• စာတန်မာရ်နတ်၏ လုပ်ရပ်များကို လုပ်ဆောင်လိုသည်။ (ယော ၈း၄၁-၄၄)

• လူတို့ကို ထိန်းချုပ်ခြင်းဖြင့် အာဏာရယူလိုသည်။ (၃ ယော ၉-၁၁)

• သမ္မာကျမ်းစာ၏ အခွင့်အာဏာနှင့် ဘုရားသခင်၏ စစ်မှန်သော အစေခံများကို လျှော့ချရန် ကြိုးပမ်းသည်။ (ဖိလိပ္ပိ ၁း၁၅-၁၇၊ ၂ ပေ ၃း၁၆)

• လူတို့ထံမှ ချီးမွမ်းခြင်းနှင့် ဂုဏ်ပြုခြင်းကို ရှာဖွေသည်။ (မဿဲ ၂၃း၅-၇၊ ယော ၁၂း၄၂-၄၃၊ ဂလာတိ ၁း၁၀)

• ကိုယ်ကျိုးစီးပွား ရှာဖွေသည်။ (ယော ၁၂း၄-၈၊ ၂ ပေ ၂း၃၊ ၂ ပေ ၂း၁၂-၁၆)

• သူတို့၏ ဇာတိ လူနေမှုဘဝ မြင့်တင်သည်။ (၂ ပေ ၂း၁၇-၂၂)

• သူတို့၏ ဩဝါဒကို မြင့်တင်သည်။ (၁ တိ ၁း၃-၇)

မှားယွင်းသော ခေါင်းဆောင်တစ်ဦး၏ ရည်ရွယ်ချက်များသည် အချိန်ကာလနှင့် ပိုင်းခြားသိမြင်မှုအားဖြင့် ပေါ်လွင်လာလိမ့်မည်။ ၎င်းတို့၏ ရည်ရွယ်ချက်များကို ပိုင်းခြားသိမြင်ရန် သူတို့၏ စကားလုံးများ၊ အသက်တာ သို့မဟုတ် အမှုတော်လုပ်ငန်း၏ အသီးအပွင့်ကို လေ့လာကြည့်ရှုပါ။ (မဿဲ ၇း၁၅-၂၀၊ မဿဲ ၁၂း၃၃-၃၇၊ ဂလာတိ ၅း၁၉-၂၅၊ ၁ တိ ၅း၂၄)

ဆင်ခြင်သုံးသပ်ရန် သို့မဟုတ် ဆွေးနွေးရန် အချိန် ခဏယူပါ။

၁။ အတိတ်ကာလက သူတပါးတို့၏ ရည်ွယ်ချက်များကို ကျွန်တော် ဘယ်လို ပိုင်းခြားသိမြင်ခဲ့သနည်း။

၂။ မှားယွင်းသော ခေါင်းဆောင်များ၏ ရည်ရွယ်ချက်များကို ပိုင်းခြားသိမြင်ရန် "အသီးအပွင့် စောင့်ကြည့်ခြင်း"မူသည် ကျွန်ုပ်အား မည်သို့ ကူညီနိုင်မည်နည်း။

၃။ အကယ်၍ အသီးအပွင့်သည် ရည်ရွယ်ချက်များကို ဖော်ပြလျှင် ကျွန်ုပ်အသက်တာ၏ အသီးအပွင့်သည် မည်သည့် ရည်ရွယ်ချက်များကို ထုတ်ဖော်မည်နည်း။

သူတို့သည် မည်သို့ ချဉ်းကပ်ဝင်ရောက်လာသနည်း။ (HOW DO THEY GAIN ENTRY?)

မှားယွင်းသော ခေါင်းဆောင်များသည် ကျွန်တော်တို့ကြားတွင် နည်းလမ်းများစွာဖြင့် ပေါ်လာကြသည်။ ၎င်းတို့သည် အောက်ပါအတိုင်း လုပ်နိုင်ပါသည်။

• လျှို့ဝှက်စွာ တွားသွားဝင်ရောက်လာခြင်း။ (တမန်တော် ၂၀း၂၈-၃၁၊ ၂ ကော ၁၁း၁၄-၁၅)

• အသွေးအသားဆိုင်ရာ တပ်မက်စိတ်များ ဆွဲဆောင်ခြင်းဖြင့် လူတို့ကို ဖြားယောင်းခြင်း။ (၂ ပေ ၂း၁-၃၊ ယုဒ ၄)

• လူတို့ နားယောင်သောအရာများကို ပြောဆိုခြင်း။ (၂ တိ ၄း၃၊ ၂ ပေ ၂း၁-၃)

• စိတ်မတည်ကြည်သူများနှင့် အားနည်းသူများကို ရှာဖွေပစ်မှတ်ထားခြင်း။ (၂ တိ ၃း၆-၇)

• ကယ်တင်ရှင် သို့မဟုတ် ခရစ်တော်ကိုယ်တိုင်ဖြစ်သည်ဟု ပြောဆိုခြင်း။ (မဿဲ ၂၄း၅)

• ချောမောဖျတ်လတ်သော စကားလုံးများ အသုံးပြုခြင်း။ (ရောမ ၁၆း၁၇-၁၈)

• အဖွဲ့အစည်းများ သို့မဟုတ် လူအုပ်များ၏ ပုံပိုးမှုများ အသုံးပြုခြင်း။ (၀လာတိ ၂း၁၁-၁၄)

• ခရစ်တော် နောက်လိုက်ခြင်းကို လျစ်လျူရှုသော လောကီပညာနှင့် မူဝါဒများကို အသုံးပြုခြင်း။ (ကော ၂း၈)

ဆင်ခြင်သုံးသပ်ရန် သို့မဟုတ် ဆွေးနွေးရန် အချိန် ခဏယူပါ။

၁။ မှားယွင်းသော ခေါင်းဆောင်များနှင့် မိစ္ဆာဆရာများ အမှုတော်လုပ်ငန်းများသို့ ဝင်ရောက်လာခြင်းကို ကျွန်တော် မည်သို့ သတိပြုမိခဲ့သနည်း။

၂။ ကျွန်ုပ်၏ ယဉ်ကျေးမှုတွင် မှားယွင်းသော ခေါင်းဆောင်များသည် မည်သို့ အလွယ်တကူ ဝင်ရောက်သနည်း။

၃။ ဤနည်းဗျူဟာများထဲမှ တစ်ခုခု အသုံးပြုနေသည်ကို တွေ့ရှိသောအခါ ကျွန်တော်သည် မည်သည့်အတွင်းစိတ် သတိပေးချက်များကို ခံစားရရသနည်း။

သူတို့သည် မည်သို့ပြုမူဆောင်ရွက်ကြသနည်း။ (HOW DO THEY ACT?)

မှားယွင်းသော ခေါင်းဆောင်များသည် အန္တရယ်ရှိသော နည်းလမ်းများဖြင့် ပြုမူကြသည်။ ၎င်းတို့သည် အောက်ပါအတိုင်း အသက်ရှင်ကြသည်။

• ဖြောင့်မတ်ခြင်းတရား၏ အစေခံများအဖြစ် ဟန်ဆောင်ကြခြင်း။ (၂ ကော ၁၁း၁၂-၁၅)

• ဘုရားသခင်၏ အခွင့်အာဏာကို မထီမဲ့မြင်ပြု၍ ကိလိသာဆန္ဒကို လိုက်စားခြင်း။ (၂ ပေ ၂း၁၀၊ ၂ ပေ ၂း၁၈)

• အရေးပါ အရာရောက်သူအဖြစ် ခံယူပြီး ကိုယ့်ကိုကိုယ် ဘွဲ့ဂုဏ်ထူးနှင့် တန်ခိုးအာဏာများ အပ်နှင်းကြသည်။ (မဿဲ ၁၂း၃၈-၄၀၊ လုကာ ၂၂း၂၄-၂၇)

• အချည်းနှီးသော ရိုးရာယုံကြည်ချက်များ၊ အယူသည်းမှုများ သို့မဟုတ် ကြောက်ရွံ့မှုများကို အသုံးပြု၍ ခြယ်လှယ်ကြသည်။ (ကော ၂း၈)

• ဝိညာဉ်တော်ဘုရားနှင့် ကင်းသော လောကီသင်ကြားပို့ချခြင်းနှင့် နည်းပညာအားဖြင့် သင်းခွဲစေခြင်း။ (ယုဒ ၁၆၊၁၉)

• သူတို့၏ ဩဇာအာဏာနှင့် ရာထူးကို ထိန်းသိမ်းရန် လောကီနည်းဗျူဟာနှင့် ပရိယာယ်များကို အသုံးပြု၍ လူတို့ကို လွှမ်းမိုး၊ ထိန်းချုပ်ပြီး ကြိုးကိုင်ခြင်း။ (၃ ယော ၉-၁၁)

• အကျိုးအမြတ်အတွက် ချော့မော့ မြောက်ပင့်ခြင်း။ (ရောမ ၁၆း၁၇-၁၈၊ ယုဒ ၁၆)

• လူတို့၏ ချီးမွမ်းဂုဏ်ပြုခြင်းကို ရှာဖွေပြီး သူတပါး အာရုံစိုက်မှုရရှိရန် ဆွဲဆောင်ခြင်း။ (၂ ကော ၅း၁၂၊ မဿဲ ၆း၁-၁၈)

• သူတပါးကို လှည့်ဖြားနေစဉ်မှာပင် ချစ်တတ်ပြီး သစ္စာရှိ ဟန်ဆောင်ခြင်း။ (မာကု ၁၂း၃၈-၄၀)

• သူတို့၏ ဇာတိပကတိ လိုအင်ဆန္ဒနောက်ကို လိုက်လျောက်ခြင်း။ (ဖိလိပ္ပ ၃း၁၈-၁၉)

• မိမိကိုယ်ကိုသာ ဂရုစိုက်ခြင်း။ (ယုဒ ၁၂)

ဆင်ခြင်သုံးသပ်ရန် သို့မဟုတ် ဆွေးနွေးရန် အချိန် ခဏယူပါ။

၁။ ကျွန်ုပ်၏ ယဉ်ကျေးမှုတွင် မှားယွင်းသော ခေါင်းဆောင်များသည် မည်သို့ ပြုမူကြသနည်း။

၂။ ကျွန်ုပ်သည် မှားယွင်းသော ခေါင်းဆောင်ကဲ့သို့ မည်သည့်နေရာများ၌ ပြုမူခဲ့ဖူးသနည်း။

၃။ ဤမှားယွင်းသော ခေါင်းဆောင်၏ လုပ်ရပ်များစာရင်းသည် ကျွန်ုပ်အား မည်သို့ လှုံ့ဆော် သို့မဟုတ် သတိပေးသနည်း။

သူတို့သည် လူတို့အပေါ် မည်သို့ သက်ရောက်မှုရှိသနည်း။ (HOW DO THEY IMPACT PEOPLE)

မှားယွင်းသော ခေါင်းဆောင်များသည် ယုံကြည်သူများကို အန္တရာယ်ပြုတတ်ကြသည်။ လူတို့သည် အောက်ပါအဖြစ်မျိုးကို ခံတတ်ကြသည်။

• ပျက်စီးစေတတ်သော မိစ္ဆာအယူဝါဒကို ယုံကြည်ရန် လှည့်စားခံရခြင်း။ (၂ ပေ ၂း၁)

• ဘုရားသခင်ထက် မိစ္ဆာခေါင်းဆောင်၏ တပည့်များဖြစ်ရန် လှည့်ဖြားခံရခြင်း။ (မဿဲ ၂၄း၉-၁၄၊ တမန်တော် ၂၀း၂၉-၃၀၊ ၃ ယော ၉-၁၁)

• ဇာတိပကတိလမ်းစဉ်များကို လိုက်လျှောက်ရန် တိုက်တွန်းခံရခြင်း။ (၂ ပေ ၂း၂၊ ၂ ပေ ၂း၁၇-၁၉)

• ငွေရေးကြေးရေး အမြတ်ထုတ်ခံရခြင်း။ (၂ ပေ ၂း၃)

• ဆဲဆိုခြင်း၊ ငြူစူခြင်း၊ သဘောထား ကွဲလွဲခြင်း၊ အသရေဖျက်ခြင်း၊ ပျက်စီးစေသော မသက်ာမှုနှင့် အမြဲပဋိပက္ခဖြစ်ခြင်းတို့၌ ပြုစုပျိုးထောင်ခြင်း ခံရခြင်း။ (၁ တိ ၆း၃-၅၊ ၂ ပေ ၂း၁၄-၁၉)

• ခရစ်တော်ကို မထီမဲ့မြင်ပြုရန်၊ သမ္မာတရားကို ဆန့်ကျင်ရန်နှင့် သွေးသားတပ်မက်ခြင်း နောက်လိုက်ရန်အတွက် သွေးဆောင်ခံရခြင်း။ (၂ တိ ၃း၁-၉)

• စိတ်ရှုပ်ထွေးစေပြီး အနှောက်အယှက်ပေး ခံရခြင်း။ (ဂလာတိ ၁း၇၊ ဂလာတိ ၅း၁၀၊ တိတု ၁း၁၀-၁၁)

ဆင်ခြင်သုံးသပ်ရန် သို့မဟုတ် ဆွေးနွေးရန် အချိန် ခဏယူပါ။

၁။ မှားယွင်းသော ခေါင်းဆောင်များသည် လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများအပေါ်မှာ မည်သည့် ထိခိုက်ပျက်စီးမှုကို ဖြစ်ပေါ်စေကြောင်းကို ကျွန်တော်တွေ့ရှိခဲ့သနည်း။

၂။ မှားယွင်းသော ခေါင်းဆောင်များသည် ကျွန်ုပ်အား မည်သို့ ထိခိုက်ပျက်စီးစေခဲ့သနည်း။

၃။ ၎င်းပျက်စီးစေခြင်းက ကျွန်ုပ်ကို မည်သို့ ခံစားစေသနည်း။

သူတို့သည် မည်သည့်အရာကို သွန်သင်ကြသနည်း။ (WHAT DO THEY TEACH?)

မှားယွင်းသော ခေါင်းဆောင်များသည် သိမ်မွေ့သော အမှားများ၊ တစ်ဝက်တစ်ပျက် အမှန်တရား သို့မဟုတ် ပေါ်လွင်သော အမှားများနှင့် မုသားများကို သင်ကြားကြသည်။ ၎င်းတို့သည် အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါသည်။

• ယေရှု၏ အသက်တာ၊ အမှုတော်မြတ်၊ လုပ်ဆောင်ချက်များနှင့် အခွင့်အာဏာတို့အပေါ် ယုံကြည်မှုကို ပျက်ပြားစေသည်။ (ကော ၂း၈၊ ၁ ယော ၂း၁၈-၂၄)

• မှားယွင်းသော ယုံကြည်ချက်များနှင့် ဆန့်ကျင်ဘက် အယူဝါဒများကို မြှင့်တင်ကြသည်။ (မာကု ၇း၁-၁၃၊ ရောမ ၁၆း၁၇-၁၈၊ ၂ ကော ၁၁း၃-၄၊ ၂ ပေ ၂း၁)

• သမ္မာတရားကို ဆန့်ကျင်သည် သို့မဟုတ် တစ်ဝက်တစ်ပျက် အမှန်တရားကို အလေးပေးကြသည်။ (၁ တိ ၁း၃-၇၊ ၁ တိ ၆း၃-၅၊ ၂ တိ ၃း၈၊ ၂ ပေ ၃း၁၄-၁၇)

• သမ္မာကျမ်းစာကို ပုံပျက်အောင် လုပ်သည် သို့မဟုတ် ကျမ်းပိုဒ်တို့ကို ရှေ့နောက် အကြောင်းအရာမညီဘဲ ၎င်းတို့၏ အလိုရှိသည်အတိုင်း အနက်ဖွင့်ကြသည်။ (မဿဲ ၄း၁-၁၁၊ ၂ ပေ ၃း၁၄-၁၇)

• ဘုရားသခင်၏ နည်းလမ်းထက် လူသား၊ လောကီ အတွေးအခေါ်နှင့် အပြုအမူတို့ကို မြင့်တင်ကြသည်။ (ကော ၂း၈၊ ၂ တိ ၃း၁၆-၁၈၊ ၂ ပေ ၂း၁၈-၁၉)

• ဧဝံဂေလိတရားကို မှောက်လှန်သည်။ (ဂလာတိ ၁း၆-၁၀)

• လူတို့ကို အသွေးအသား တပ်မက်ခြင်း နောက်သို့ လိုက်ရန် ဖြားယောင်းတတ်ကြသည်။ (ယုဒ ၄၊ ဗျာဒိတ် ၂း၁၄၊၂၀)

ဆင်ခြင်သုံးသပ်ရန် သို့မဟုတ် ဆွေးနွေးရန် အချိန် ခဏယူပါ။

၁။ ကျွန်ုပ်၏ ယဉ်ကျေးမှုတွင် အဖြစ်များသည့် မှားယွင်းသော သွန်သင်ချက်များကား အဘယ်နည်း။

၂။ ဤမှားယွင်းသော သွန်သင်ချက်များသည် သမ္မာကျမ်းစာကို မည်သည့်နေရာတွင် ပျက်စီးစေသည် သို့မဟုတ် အလွဲသုံးစားပြုကြသနည်း။

၃။ မှားယွင်းသော ခေါင်းဆောင်များစာရင်းက ကျွန်ုပ်အား မည်သို့သွန်သင်ပြီး လှုံဆော် သို့မဟုတ် သတိပေးနေသနည်း။

သူတို့သည် မည်သို့ဖြစ်လာမည်နည်း။ (What will happen to them?)

ထာဝရဘုရားသခင်သည် မှားယွင်းသော ခေါင်းဆောင်များကို သတိပေးကာ၊ ဆုံးမပြီး ရှုတ်ချသည်။

• ယေရှုသည် အရှင်သခင်၊ ရှင်ဘုရင်နှင့် တရားသူကြီး ဖြစ်တော်မူသည်။ ကျွန်တော်တို့ တစ်ယောက်စီတိုင်းသည် ကိုယ်တော်၏ စံနှုန်းများနှင့်အညီ အကဲဖြတ်ခံရပြီး တာဝန်ခံစေမည် ဖြစ်သည်။ (ယော ၅:၂၂-၂၃၊ ဖိလိပ္ပိ ၂:၉-၁၁၊ ယော ၃:၁)

• မှားယွင်းသော ခေါင်းဆောင်အချို့သည် စစ်မှန်သော ယုံကြည်သူများ ဖြစ်နိုင်သော်လည်း ၎င်းတို့ကိုယ်တိုင် လှည့်ဖြားခံခဲ့ကြသည်။ သူတို့သည် မီးဖြင့် သန့်စင်ခြင်း ခံရမည်ဖြစ်ပြီး ၎င်းတို့၏ ဆုလာဒ်ကိုမူ ဆုံးရှုံးရလိမ့်မည်။ သို့သော် ကယ်တင်ခြင်းသို့ ရောက်ကြမည်။ (၁ ကော ၃:၁၂-၁၅၊ ၂ ယော ၇-၁၀)

• "သူတို့၌ အမင်္ဂလာ ရှိကြ၏။" ခရစ်တော်၌ မရှိသော မှားယွင်းသော ခေါင်းဆောင်များ (ဘုရားသခင်သည် သူတို့ မည်သူဖြစ်သည်ကို သိတော်မူ၏။) "... မှောင်မိုက်အတိကို သိုထားလျက်ရှိ၏။" (မဿဲ ၁၃:၂၄-၃၀၊ မဿဲ ၁၃:၃၆-၄၃၊ မဿဲ ၂၃:၂၉-၃၃၊ ဖိလိပ္ပိ ၃:၁၈-၁၉၊ ၂ ပေ ၂:၃-၁၀၊၁၇၊ ယုဒ ၅-၁၆) (မဿဲ ၂၃ တွင် မှားယွင်းသော ခေါင်းဆောင်များအပေါ် ယေရှု၏ ဖြောင့်မတ်သော အမျက်ဒေါသကို သတိပြုပါ။ ကိုယ်တော်သည် ခက်ထန်စွာ တရားစီရင်လိမ့်မည်။)

ဆင်ခြင်သုံးသပ်ရန် သို့မဟုတ် ဆွေးနွေးရန် အချိန် ခဏယူပါ။

၁။ မှားယွင်းသော ခေါင်းဆောင်များအပေါ် ယေရှု၏ ပြစ်တင်ရှုတ်ချခြင်း ပြင်းထန်မှုအပေါ် ကျွန်ုပ် မည်သို့ ခံစားသနည်း။

၂။ ကျွန်တော်၏ အသက်တာနှင့် အမှုတော်အတွက် ယေရှု ရှေ့မှောက်၌ ကျွန်ုပ် ရပ်တည်ရမည်ဟူသော လက်တွေ့အခြေအနေက ကျွန်ုပ်၏ ရည်ရွယ်ချက်များ၊ လုပ်ဆောင်ချက်များနှင့် သွန်သင်ချက်တို့ကို မည်သို့ ပုံဖော်သင့်သနည်း။

၃။ သူတို့၏ မျက်မှောက်တွင် စောင့်ကြိုနေသော အဆုံးသတ်ခြင်းကို ထောက်ရှုခြင်းအားဖြင့် ကျွန်တော်သည် သူတပါးတို့ကို သိသာထင်ရှားစွာ လှည့်ဖြားနေသော မှားယွင်းသော ခေါင်းဆောင်များအပေါ် မည်သို့ ခံစားရသနည်း။

ကျွန်တော်တို့ မည်သို့ တုံ့ပြန်သင့်သနည်း။ (HOW SHOULD WE RESPOND?)

ယေရှုနှင့် တမန်တော်များသည် မှားယွင်းသော ခေါင်းဆောင်များကို ကိုင်တွယ်ဖြေရှင်းရန် ရှင်းလင်းသော ညွှန်ကြားချက်များနှင့် ပုံဥပမာများကို ပေးကြသည်။ သူတို့သည် ထိုလူတို့၏ အကြောင်းကို ဖော်ပြ၍ သတိပေးကြပြီး သူတို့၏ သွန်သင်ချက်၊ စရိုက်လက္ခဏာ၊ ရည်ရွယ်ချက်များ၊ လုပ်ရပ်များနှင့် အကျိုးသက်ရောက်မှုများ၏ အမှားများကို ဖော်ထုတ်ရန် အာရုံစိုက်ကြသည်။ တစ်ခါတစ်ရံတွင် ၎င်းတို့ကို အမည်နာမဖြင့် ခေါ်ဆို ဆုံးမကြသည်။

ကျွန်တော်တို့ ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရန် အောက်ပါအတိုင်း ညွှန်ကြားခြင်းခံရပါသည်။ -

• မိမိကိုယ်ကို အပြစ်တင်ဆုံးမခြင်း၊ ပြုပြင်ခြင်းနှင့် ဖြောင့်မတ်ခြင်းတရား၌ လေ့ကျင့်ခြင်းတို့ကို ခံယူပါ။ (၂ တိ ၃း၁၄-၁၇၊ ၁ ဘော ၁း၇-၁၀)

• စာတန်၏ တိုက်ခိုက်မှုများကို နိုးနိုးကြားကြား စောင့်ကြည့်ပါ။ (၂ ကော ၁၀း၃-၄၊ ဧဖက် ၆း၁၀-၁၈၊ ယာကုပ် ၄း၇၊ ၁ ပေ ၅း၈)

• ယေရှုသည် သူ၏ လူများထံမှ အလိုရှိတော်မူသော အရာနှင့် အညီ ကျွန်ုပ်တို့၏ အသက်တာ၊ စရိုက်နှင့် ဆက်ဆံရေးများကို ပြင်ဆင်ပြောင်းလဲပါ။ ကျွန်တော်တို့၏ အသက်တာ၊ သွန်သင်ခြင်းနှင့် ခေါင်းဆောင်မှုတွင်ရှိသော မည်သည့်အပြစ်ကိုမဆို ဝန်ခံပါ။ (၂ တိ ၂း၂၂၊ ၁ ယော ၁း၉)

• မှားယွင်းသော ခေါင်းဆောင်မှုပုံစံသို့ ဦးတည်စေနိုင်သည့် ကျွန်တော်တို့၏ ရည်ရွယ်ချက်များနှင့် လုပ်ရပ်များကို သိရှိနိုင်ရန်နှင့် နောင်တရပြီး ဘုရားသခင်၏ ခွင့်လွှတ်မှုကို လက်ခံရရှိရန် ကူညီပေးမည့် ညွှန်ပြသူ ဆရာများ သို့မဟုတ် ကိုးစားထိုက်သော ယုံကြည်သူများကို ရှာဖွေပါ။ (၂ တိ ၃း၁၀-၁၇)

ကျွန်တော်တို့၏ အမှုတော်လုပ်ငန်း၌ ဆောင်ရွက်ရန် အောက်ပါအတိုင်း ဆုံးမထားသည်။ -

• လှည့်ဖြားခြင်းနှင့် မှားယွင်းသော ခေါင်းဆောင်များ၏ ပြဿနာများအကြောင်းကို အခြားသူများအား သွန်သင်ပါ။ (မဿဲ ၂၄း၁-၃၆၊ တမန်တော် ၂၀း၂၈-၃၁၊ ၂ တိ ၃း၁-၁၇)

• “လူပရိယာယ်နှင့် အပြစ်သို့ သွေးဆောင်ခြင်းငါ လှည့်ဖြားပြောဆိုသဖြင့် ခပ်သိမ်းသော ဩဝါဒ လေတိုက်၍ ဖရိုဖရဲ လွင့်သွားသော သူငယ်မဖြစ်” ရန် ယုံကြည်သူများကို ပြင်ဆင်တပ်ဆင်ပေးပါ။ (ဧဖက် ၄း၁၂-၁၅၊ ၂ တိ ၄း၁-၅၊ ၂ ပေ ၃း၁-၁၈)

• မှားယွင်းသော သွန်သင်ချက်ကို သတိရှိရှိ စောင့်ကြည့်ရန်နှင့် မှားယွင်းသော ခေါင်းဆောင်များနှင့် ၎င်းတို့၏ လှည့်ဖြားမှုများကို ဖော်ထုတ်ရန် အခြားသူများနှင့် ထိတွေ့ဆက်ဆံပါ။ (တမန်တော် ၁၅း၁-၁၁၊ တမန်တော် ၂၀း၂၅-၃၁)

• မကောင်းသော ရည်ရွယ်ချက်မရှိဘဲ လှည့်ဖြားခံရသော သို့မဟုတ် ဇာတိပကတိဆန်ဆန် မှားယွင်းသော ခေါင်းဆောင်များကို ကယ်တင်ရန် ကြိုးစားပါ။ (မဿဲ ၁၈း၁၅-၁၇၊ လုကာ ၁၇း၁-၄၊ ဂလာတိ ၂း၁၁-၂၁၊ ဂလာတိ ၆း၁-၅)

• မှားယွင်းသော ခေါင်းဆောင်များကို နှိမ့်ချခြင်းနှင့် နူးညံ့သိမ်မွေ့သော စိတ်သဘောထားဖြင့် သတိပေးခြင်း၊ ဆုံးမခြင်းနှင့် ငြင်းပယ်ခြင်းတို့ကို ပြုလုပ်ပါ။ (ရောမ ၁၆း၁၇-၁၈၊ ၂ တိ ၄း၂)

ဆင်ခြင်သုံးသပ်ရန် သို့မဟုတ် ဆွေးနွေးရန် အချိန် ခဏယူပါ။

၁။ ယေရှု၏ လမ်းစဉ်များနှင့် ပိုမိုကိုက်ညီရန် ကျွန်ုပ်ဘဝ၏ အချို့သော ကဏ္ဍများကား အဘယ်နည်း။

၂။ ဤအကြောင်းအရာကို ကျွန်တော် ဆွေးနွေးတိုင်ပင်ရန် အားကိုးထိုက်သော ယုံကြည်သူများကား မည်သူဖြစ်သနည်း။

၃။ အခြားသူတို့ကို လှည့်စားနေသော မိစ္ဆာဆရာနှင့် ကိုယ်တိုင်ကိုယ်ကျ စကားပြောလျှင် မည်သည်အရာကို ပြောမည်နည်း။

၄။ ကျွန်ုပ်၏ ဩဇာလွှမ်းမိုးနေသော သူတို့ကို သင်ကြားမွန်းမံရန် ကျွန်တော်သည် ဤစာတမ်းကို မည်သို့ အသုံးပြုနိုင်သနည်း။

ထည့်သွင်းစဉ်းစားရမည့် ကျမ်းစာအကိုးအကားများမှာ မည်သည့်အရာများ ဖြစ်သနည်း။ (WHAT ARE SOME BIBLICAL REFERENCE POINTS TO CONSIDER?)

စာတန်သည် လှည့်ဖြားခြင်း၏ အဓိက လက်ရာရှင်ဖြစ်သည်။ သူသည် လောကကို ထိန်းချုပ်ပြီး ခရစ်တော်၏ အရာများကို မမြင်နိုင်အောင် ဖုံးကွယ်ထားသည်။ စာတန်သည် လှည့်ဖြားသူဖြစ်သည်။ သူသည် အလင်း၏ ကောင်းကင်တမန်အဖြစ် ဟန်ဆောင်နိုင်သည်။ စာတန်သည် မှားယွင်းသော ခေါင်းဆောင်များကို ဖြောင့်မတ်ခြင်း၏ အစေခံများအဖြစ် ဟန်ဆောင်စေသည်။ (ယောဟန် ၈း၄၁-၄၇၊ ၂ ကော ၄း၄၊ ၂ ကော ၁၁း၁၃-၁၄)

ယေရှုနှင့် တမန်တော်တို့က မှားယွင်းသော ခေါင်းဆောင်များသည် သူတော်စင်များအကြား တိုးဝင်ပြီး သူတို့ကို လှည့်ဖြားပြီး လမ်းလွဲစေလိမ့်မည်ဟု သတိပေးကြသည်။ ဖိလိမုန်နှင့် ယာကုပ်ဩဝါဒစာများမှ လွဲ၍ တမန်တော်ဝတ္ထုနှင့် ဓမ္မသစ်ကျမ်းတိုင်းတွင် မှားယွင်းသော ခေါင်းဆောင်များ၏ ပြဿနာကို ဖော်ပြထားသည်။ (မဿဲ ၂၄း၅၊၂၄၊ တမန်တော် ၂၀း၂၉-၃၁)

မှားယွင်းသော ခေါင်းဆောင်များသည် အောက်ပါ အရေးကြီးသော သမ္မာကျမ်းစာ ကိုးကားချက် လေးခုအနက် တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ငြင်းပယ်တတ်သည် သို့မဟုတ် ဆန့်ကျင်လေ့ရှိသည်။

၁။ သုံးပါးတစ်ဆူ၊ တစ်ဆူတည်းသော ဘုရားသခင်၊ တစ်လုံးတစ်ဝဖြစ်ပြီး ထာဝရနှင့် တန်းတူဖြစ်သော ပုဂ္ဂိုလ်သုံးပါးသည် ကျွန်တော်တို့၏ အခြေခံအုတ်မြစ်ဖြစ်သည်။ (မဿဲ ၂၈း၁၉၊ ယော ၆း၂၇၊ ယော ၁၆း၅-၁၁၊ တမန်တော် ၅း၃-၄၊ ၂ ကော ၁၃း၁၄၊ ဟေဗြဲ ၁း၈)

၂။ ဘုရားသခင်၏ သားတော် ယေရှုခရစ်တော်သည် လက်ဝါးကပ်တိုင်မှာ အသေခံ၍ သင်္ဂြိုလ်ခြင်းခံပြီးနောက် သေခြင်းမှ ရှင်ပြန်ထမြောက်ကာ ယခုအခါ ခမည်းတော် ဘုရားသခင်၏ လက်ယာတော်ဘက်၌ ထိုင်နေတော်မူသည်ဖြစ်၍ တဖန်ပြန်ကြွလာမည်။ ကိုယ်တော်သည် ကျွန်တော်တို့ အသက်တာနှင့် အမှုတော်လုပ်ငန်း၏ အဓိကအချက်အချာ ဖြစ်ရမည်။ ကောင်းကင်ဘုံ၌ဌင်း၊ မြေကြီးပေါ်၌ဌင်း အခွင့်အာဏာရှိသမျှကို ကိုယ်တော်၌ ရှိ၏။ (မဿဲ ၂၈း၁၈၊ ၁ ကော ၁၂း၃၊ ကော ၁း၁၅-၂၃၊ ကော ၃း၁-၄၊ ၁ ယော ၄း၁-၆၊ ဗျာ ၁း၇)

၃။ ယေရှု၏ အသက်တာနှင့် အမှုတော် လုပ်ငန်းကို အဓိက ဗဟိုပြုပြီး ရောမ၊ ဂလာတိနှင့် အခြားသော ကျမ်းပိုဒ်များတွင် ရှင်းပြထားသော ဧဝံဂေလိတရားသည် တိကျမှန်ကန်ပြီး ရှင်းလင်းရမည်။ (ရောမ ၁း၁-၁၆း၂၇၊ ဂလာတိ ၁း၆-၁၀)

၄။ ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းတို့သည် ခေါင်းဆောင်များ၊ ဆရာများနှင့် သွန်သင်ချက် အားလုံးတို့ကို အကဲဖြတ်ရန် စင်ကြယ်ပြီး တစ်ဦးတည်းသော စစ်မှန်သည့် အာဏာစက်ဖြစ်သည်။ (၂ တိ ၃း၁၆-၁၇၊ ၂ ပေ ၃း၁၆)

ဆုတောင်းပါ။ (Prayer)

အရှင်သခင်၊ အကျွန်ုပ်၏ နှလုံးသားကို စစ်ဆေးတော်မူပါ။ ကျွန်ုပ်၏ အသက်တာ၌ မှားယွင်းသော ခေါင်းဆောင်၏ စရိုက်လက္ခဏာ သို့မဟုတ် ရည်ရွယ်ချက်များ ရှိပါသလား။ (ဤမေးခွန်းနှင့် ဆက်စပ်၍ ဘုရားသခင်၏ မျက်နှာတော်ကို ရှာဖွေရန် အချိန်ယူပါ။ သင်၏ အသက်တာ၊ ခေါင်းဆောင်မှု သို့မဟုတ် အမှုတော်လုပ်ငန်းတွင် မည်သည့်အပြစ် သို့မဟုတ် အမှားကိုမဆို ဝိညာဉ်တော် ဖော်ပြသည့်အတိုင်း ဝန်ခံပါ။)

အရှင်သခင်၊ ဤအရာသည် လေးနက်သည့် အကြောင်းအရာ ဖြစ်သည်။ ကျွန်တော် မခံမရပ်နိုင်အောင် ဖြစ်မိပါသည်။ အကျွန်ုပ်သည် ပြီးပြည့်စုံသူမဟုတ်ကြောင်း သိရှိသော်လည်း ကိုယ်တော်၏ ကျေးဇူးတော်အားဖြင့် ကိုယ်တော်၏ အမှုတော်မြတ်အတွက် ကိုယ့်ကိုယ်ကို စင်ကြယ်လိုပါ၏။ အကျွန်ုပ်၏ ကိုယ်ပိုင်အကျိုးစီးပွားများကို ဘေးဖယ်ထားပြီး နှိမ့်ချခြင်းနှင့် သစ္စာရှိခြင်းဖြင့် ကိုယ်တော်၏ အလိုတော်ကို လိုက်နာပြီး ကိုယ်တော်၏ နိုင်ငံတော် အမှုတော်မြတ်အား ထမ်းရွက်လိုပါသည်။ အကျွန်ုပ်၏ အထဲ၌ စင်ကြယ်သော နှလုံးကို ဖန်ဆင်းတော်မူပြီး စစ်မှန်သော စိတ်နှလုံးကို အသစ်ပြုပြင်တော်မူပါ။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ နာမတော်မြတ်၌ တောင်းလျှောက်ပါ၏။ အာမင်။

❋ကျွန်တော်တို့သည် "မှားယွင်းသော ခေါင်းဆောင်များ" စာတမ်း၏ စာရေးသူများနှင့် အယ်ဒီတာများဖြစ်ကြပြီး နိုင်ငံပေါင်း ၂၁ နိုင်ငံရှိ ဂိုဏ်းဂဏနှင့် သာသနာ အဖွဲ့အစည်းများ ၃၀မှ ဓမ္မအမှူတော်ဆောင် ၃၉ ဦးဖြင့် ဖွဲ့စည်းထားသည်။ နောက်ခံအကြောင်းအရာများအတွက် ရှိ မှားယွင်းသော ခေါင်းဆောင်များကို ဆက်လက်ကြည့်ရှုပါ။

ဤစာတမ်းကို သူတစ်ပါးထံ ဖြန့်ဝေရန် ကျွန်တော်တို့ တိုက်တွန်းပါသည်။ ဖြန့်ဝေရန်အတွက် အခမဲ့ထုရွန်းနစ်မိတ္တူများကို တွင် ရယူနိုင်သည်။ ဤ"မှားယွင်းသော ခေါင်းဆောင်များ" မူရင်းကို ပြုပြင်မွမ်းမံခြင်းမပြုဘဲ ရိုက်နှိုက်ထုတ်ဝေရန် သို့မဟုတ် ဖြန့်ဝေရန် ခွင့်ပြုချက် ပေးအပ်ပြီးဖြစ်သည်။

MentorLink

မူပိုင်ခွင့် © ၂၀၁၉ MentorLink International မှ

MentorLink International သည် "ယေရှုကဲ့သို့ ဦးဆောင်နိုင်ရန် ခေါင်းဆောင်များ ပြုစုပျိုးထောင်ခြင်း"အတွက် ဆက်ကပ်အပ်နှံသော အကြံပေးတိုင်ပင်ဆရာများ၊ ခေါင်းဆောင်များ၊ သာသနာ အဖွဲ့အစည်းများ၊ အသင်းတော်များ၊ ဂိုဏ်းဂဏများနှင့် ကွန်ရက်များ ပါဝင်သော လှုပ်ရှားမှုတစ်ခု ဖြစ်ပါသည်။

သင့်ထံမှ တုန့်ပြန်မှု ကြားချင်ပါသည်။ မေးခွန်းများနှင့် မှတ်ချက်များကို အီးမေးလ် စာပို့ပါ။

FalseLeaders@MentorLink.org